LESSON 18

# すごく楽(たの)しかったです

**Sugoku tanoshikatta desu**

အရမ်းပျော်ခဲ့ပါတယ်။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| はる<br>ဟာ့ရု | ： おかえりなさい。<br>Okaerinasai. | ပြန်လာပြီလား။ ကြိုဆိုပါတယ်။ |
| | 長野(ながの)はどうでしたか。<br>Naꜜgano wa doꜜo deꜜshita ka. | နာဂါနိုက ဘယ်လိုလဲ။ |
| ミーヤー<br>မီးယာ | ： すごく楽(たの)しかったです。<br>Sugoꜜku tanoshiꜜkatta deꜜsu. | အရမ်းပျော်ခဲ့ပါတယ်။ |
| | 写真(しゃしん)をたくさん撮(と)りました。<br>Shashin o takusan torimaꜜshita. | ဓာတ်ပုံတွေ အများကြီး ရိုက်ခဲ့ပါတယ်။ |
| | それから、おそばも食(た)べました。<br>Sorekara, osoꜜba mo tabemaꜜshita. | ပြီးတော့ စိုဘခေါက်ဆွဲစားခဲ့ပါတယ်။ |
| | とてもおいしかったです。<br>Totemo oishiꜜkatta deꜜsu. | သိပ်အရသာရှိတာပဲ။ |
| はる<br>ဟာ့ရု | ： そうですか。よかったですね。<br>Soꜜo deꜜsu ka. Yoꜜkatta deꜜsu ne. | ဟုတ်လား။ ကောင်းတာပေါ့နော်။ |
| ミーヤー<br>မီးယာ | ： 長野(ながの)の人(ひと)はとても親切(しんせつ)でした。<br>Naꜜgano no hitoꜜ wa totemo shiꜜnsetsu deꜜshita. | နာဂါနိုက လူတွေက သိပ်ပြီး ဂရုတစိုက်ရှိတာပဲ။ |
| タム<br>တမ် | ： 楽(たの)しい旅行(りょこう)でしたね。<br>Tanoshiꜜi ryokoo deꜜshita ne. | ပျော်စရာကောင်းတဲ့ ခရီးပဲနော်။ |

### ဝေါဟာရ

| | | |
|---|---|---|
| どう ဘယ်လို<br>doꜜo | すごく အရမ်း<br>sugoꜜku | 楽(たの)しい ပျော်စရာကောင်းတဲ့<br>tanoshiꜜi |
| それから ပြီးတော့<br>sorekara | 人(ひと) လူ<br>hito (ꜜ) | 親切(しんせつ)(な) ဂရုတစိုက်ရှိတဲ့<br>shiꜜnsetsu (na) |

**Can-do!** တွေ့ကြုံခဲ့ရတာတွေအပေါ် ခံစားချက်ကို ပြောပြနိုင်တယ်

အဓိက အသုံးအနှုန်း

# すごく楽(たの)しかったです。

**Sugoꜜku tanoshiꜜkatta deꜜsu.**

အရမ်းပျော်ခဲ့ပါတယ်။

I-နာမဝိသေသနရဲ့ အတိတ်ကာလပုံစံက နာမဝိသေသနရဲ့ အဆုံးက “-i (desu)” ကို ဖြုတ်ပြီး “-katta (desu)” ကို ပေါင်းလိုက်ရင်ရပါတယ်။ NA-နာမဝိသေသနတွေနဲ့ နာမ်တွေမှာတော့ ဝါကျအဆုံးက “desu” ကို “deshita” လို့ ပြောင်းရပါမယ်။

## သုံးကြည့်ကြရအောင်

大阪(おおさか)はどうでしたか。

Oosaka wa doꜜo deꜜshita ka.

よかったです。とてもにぎやかでした。

Yoꜜkatta deꜜsu. Totemo nigiꜜyaka deꜜshita.

အိုစာကာက ဘယ်လိုလဲ။

ကောင်းပါတယ်။ သိပ် စည်းကားတာပဲ။




## ကြိုးစားကြည့်ရအောင်

**【I-နာမဝိသေသန】かったです／【NA-နာမဝိသေသန】でした。** [I/NA-နာမဝိသေသန] တယ်။

【I-နာမဝိသေသန】ꜜkatta deꜜsu/【NA-နာမဝိသေသန】 deꜜshita.

① **すばらしい**
subarashiꜜi
အံ့ချီးစရာကောင်းတဲ့



② **きれい（な）**
kiꜜree (na)
လှပတဲ့



ဒီကနေ့အတွက် အပိုဆု စကား

**おかえりなさい。**

**Okaerinasai.**

ပြန်လာပြီလား။ ကြိုဆိုပါတယ်။

အိမ်ပြန်လာတဲ့သူကို ကြိုဆိုနှုတ်ဆက်တဲ့စကား ဖြစ်ပါတယ်။ ပေါ့ပေါ့ပါးပါးပြောတဲ့ ပုံစံဖြစ်တဲ့ “Okaeri”၊ အတော် ယဉ်ယဉ်ကျေးကျေး ပြောတဲ့ ပုံစံဖြစ်တဲ့ “Okaerinasaimase” ဆိုတဲ့ ပုံစံလည်း ရှိပါတယ်။




# ဂျပန်က ရှင်းကန်းစဲန်း ကျည်ဆန်ရထားများ

ရှင်းကန်းစဲန်း ကျည်ဆန်ရထားနဲ့ဆိုရင် မြို့ကြီးတွေကို အချိန်တိုတိုနဲ့ သွားလာလို့ရပါတယ်။ တိုကျိုကနေ နာဂါနိုအထိ တစ်နာရီခွဲလောက်၊ တိုကျိုကနေ ကျိုတိုကို နှစ်နာရီ သာသာလောက်နဲ့ သွားလို့ရပါတယ်။ ရထားတွဲတွေ အထဲမှာ တိတ်ဆိတ်ငြိမ်သက်ပြီး သန့်ရှင်းလှတာကြောင့် စီးရတာ သက်သောင့်သက်သာ ရှိပါတယ်။

ရှင်းကန်းစဲန်း လမ်းကြောင်းပြမြေပုံ (၂၀၁၉ခုနှစ် စက်တင်ဘာလ အချိန်)

ရှင်းကန်းစဲန်း နဲ့ ဖူဂျီတောင်



Photo Courtesy of JR CENTRAL





ရထားပေါ်က စျေးရောင်းချမှု



©JR－CENTRAL PASSENGERS

အဖြေ　① すばらしかったです。 Subarashiꜛkatta deꜛsu.

② きれいでした。 Kiꜛree deꜛshita.